Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

# စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

စီမံအုပ်ချုပ်သူများ၏ အောက်ဖော်ပြပါ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ တွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက်အားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေး အစီအရင်ခံခြင်းဆိုင်ရာစံများ (IFRS) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့က စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

## မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်း ဇရိယာ ဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဇရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် တည်ထောင်ခဲ့ပါသည်။မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် ၏ မတည်ငွေရင်း အများစုကို ပိုင်ဆိုင်ထားပြီး၊ ဒါရိုက်တာ အဖွဲ့ဝင် (၄) ဦး နှင့် အရာရှိအဖွဲ့ဝင် (၄) နေရာ တို့ကို စေလွှတ်တာဝန်ပေးထားပြီး စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများ ပြုလုပ်ထားရှိပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် သည် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက်အတွက် အသားတင် အမြတ်ငွေ အမေရိကန် ဒေါ်လာ (၀.၉)သန်း ရရှိခဲ့ပါသည်။ ၂၀၂၄ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့တွင် စုဆောင်းပြီးအမြတ်လက်ကျန် အမေရိကန် ဒေါ်လာ ( ၅၇.၈ )သန်း ရှိပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံလိုသူများထံမှ မြေယာငှားရမ်းမှု ၃ ခု (စုစုပေါင်းမြေယာ ၄.၆ ဟက်တာ)အတွက် ကြိုတင်စာရင်းသွင်းခြင်းအား လက်ခံရရှိခဲ့ပြီး နှစ်ဝက်အလွန်ကာလတွင် ၎င်းအနက်မှ ငှားရမ်းမှု ၂ခုအား အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး ကို ၂၀၂၃ နှစ် တွင် စတင်တပ်ဆင်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်ဝက်အတွင်း 2MW ရှိသော လျှပ်စစ်စွမ်းအားကို ထုတ်ယူသုံးစွဲလျှက်ရှိပါသည်။ ၎င်းစီမံကိန်းမှ လာမည့်နှစ်ကုန်တွင် 4MW အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး လိုင်းစနစ်အတွင်း 3MW ထပ်တိုးတပ်ဆင်ရန် လျာထားပါသည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းမှ စုစုပေါင်း 7MW အထိထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးမှ ဝင်ငွေစီးဆင်းမှုများလည်း ရရှိနိုင်မည် ဖြစ်ပါသည်။

**သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် (“TPD”)**

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း နှင့် နှစ်ရှည်ငှားရမ်း ခြင်းလုပ်ငန်းများ လုပ် ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

ကမ္ဘာ့စီးပွါးရေးကျဆင်းခြင်းနှင့် ပြည်တွင်းစီးပွါးရေးမတည်ငြိမ်မှုများ အပါအဝင် အခြားသော စိန်ခေါ်မှုများရှိသော်လည်း သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် အနေဖြင့် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက်အတွက် အမြတ်ငွေကျပ် (၁.၆) ဘီလီယံ ရရှိခဲ့ပါသည်။ စုဆောင်းထားသော အမြတ်ငွေမှာ ကျပ် (၁၀.၆) ဘီလီယံ၊ ငွေသား နှင့်ဘဏ်လက်ကျန်မှာ ကျပ်(၅.၄) ဘီလီယံ ဖြစ်ပြီး ၎င်းလက်ကျန် ထဲတွင် အမေရိကန် ဒေါ်လာ(၁.၃၉) သန်း ပါရှိပါသည်။

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက်တွင် 47.5KWp ဆိုလာစွမ်းအင် စီမံကိန်းကို၂၀၂၃ ခုနှစ်စက်တင်ဘာလမှ စ၍ တပ်ဆင်ပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်အား အသုံးပြုလျှက်ရှိပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“MTSH”)**

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါ သည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက်အတွက် စီမံအုပ်ချုပ်မှုနှင့် တွဲဖက်လုပ်ငန်းမှရရှိသည့် ဝင်ငွေများ အပါအဝင် အသားတင်အမြတ်ငွေမှာ ကျပ်(၆.၄) ဘီလီယံ ရရှိခဲ့ပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် အသားတင်အမြတ်ငွေကျပ် (၁.၅) ဘီလီယံမှ ကျပ် (၆.၄) ဘီလီယံ သို့ တိုးတက်ခဲ့ပါသည်။ အမြတ်ငွေများ မြင့်မားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုဘဏ္ဍာနှစ်ဝက်တွင် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုအမြတ်များ ကြောင့်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့် ကျပ် (၇၃.၂) ဘီလီယံရှိပြီး ၎င်းအနက်မှ ၆၅% သည် တွဲဖက်လုပ်ငန်းမှ ဖြစ်ပေါ်လာသည့် မခွဲဝေရသေးသော အမြတ်ငွေဖြစ်ပါသည်။

ကုမ္ပဏီ၏ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက်အတွက် စုဆောင်းလက်ကျန် အမြတ်ငွေမှာ ကျပ် (၄၃.၈) ဘီလီယံ ရှိပြီး ငွေနှင့်ငွေသားညီမျှခြင်းလက်ကျန် မှာ ကျပ်(၁၂.၅) ဘီလီယံရှိပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်၎င်း၏ လက်အောက်ခံကုမ္ပဏီ (“MTSH အုပ်စု”)**

**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

| | **ပြောင်းလဲချက်** | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| ဝင်ငွေ | ▲ | ၁,၈၂၀ | ၁,၀၄၇ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | ▲ | (၆၇၁) | (၄၄၀) |
| **အကြမ်းအမြတ်** | ▲ | **၁,၁၄၉** | **၆၀၇** |
| အတိုးကုန်ကျစရိတ် | ▲ | (၁၀) | (၈) |
| အရောင်းနှင့် စီမံအသုံးစရိတ် | ▲ | (၁,၂၄၇) | (၁,၀၉၀) |
| တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ | ▼ | ၁,၂၄၃ | ၁,၇၁၅ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | ▼ | **၁,၁၃၅** | **၁,၂၂၄** |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ▼ | ၅၉ | ၈၇ |
| အမှန်ပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေကြေးလဲလှယ်မှု အမြတ်/ အရှုံး | ▼ | - | (၅၄) |
| အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေကြေးလဲလှယ်မှု အမြတ် | ▲ | ၆,၉၆၇ | - |
| **အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ်** | ▲ | **၈,၁၆၁** | **၁,၂၅၇** |
| ဝင်ငွေခွန် | ▼ | (၇၆) | ၃၁ |
| **အသားတင်အမြတ်** | ▲ | **၈,၀၈၅** | **၁,၂၈၈** |

| | | | |
|---|---|---|---|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ▲ | ၆၃% | ၅၈% |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | ▲ | ၁၉၉ | ၃၄ |

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက်အတွက် ဝင်ငွေမှာ ကျပ် (၁.၈) ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် နှင့်နှိုင်းယှဉ်ပါက ကျပ် (၀.၈) ဘီလီယံ တိုးမြင့် ရရှိခဲ့ပါသည်။ အဓိက ဝင်ငွေ အနေဖြင့် စီမံအုပ်ချုပ်မှုမှ ရရှိသော ဝင်ငွေနှင့် ပုံမှန်လည်ပတ်နေသော လုပ်ငန်းများမှ ဝင်ငွေတို့ အဓိကပါဝင် ပါသည်။

အကြမ်းအမြတ်သည် ကျပ်(၁.၁) ဘီလီယံဖြစ်ပြီး ၎င်းအကြမ်းအမြတ်သည် ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၅၈% မှ ၆၃% သို့ မြင့်တက်ခဲ့ပါသည်။ လုပ်ငန်းလည်ပတ်မှု အမြတ်ငွေသည် ကျပ်(၁.၁)ဘီလီယံ ဖြစ်ပြီး ၎င်းသည် ယခင်ဘဏ္ဍာရေးနှစ်

နှင့်နှိုင်းယှဉ်ပါက ၁၁၇% မှ ၆၂% သို့ကျဆင်းခဲ့ပါသည်။ အကြောင်းအရင်းမှာ တွဲဖက်လုပ်ငန်းမှ ရရှိသော အမြတ်ငွေကျဆင်းခဲ့မှုကြောင့်ဖြစ်ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် နှင့် ဆက်စပ်၍ ရရှိမည့်အမြတ်ဝေစု ပမာဏမှာ ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက (၁.၇)ဘီလီယံ မှ (၁.၂)ဘီလီယံ သို့ကျဆင်းခဲ့ပါသည်။

ယခုဘဏ္ဍာရေးကာလ၏ အသားတင် အမြတ်ပမာဏမှာ ကျပ် (၈.၁)ဘီလီယံ ရရှိခဲ့ပြီး၊ ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေနိုင်သော အမြတ်မှာ ကျပ် ( ၇.၈ )ဘီလီယံ ဖြစ်ပါသည်။ အသားတင် အမြတ်ငွေသည် ယခင်နှစ် နှင့် နှိုင်းယှဉ်လျှင် တိုးတက်ခဲ့ပြီး တိုးတက်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုအမြတ်များ ကြောင့်ဖြစ်ပါသည်။

ယေဘူယျအားဖြင့် အထက်ဖော်ပြပါ အခြေအနေများကြောင့် နှိုင်းယှဉ်ကာလတွင် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ကျပ်(၃၄)မှ ယခုဘဏ္ဍာရေးနှစ်ဝက်ဖြစ်သည့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ကျပ် (၁၉၉)သို့ မြင့်တက်ခဲ့ပါသည်။

## ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်

လက်ငင်းရပိုင်ခွင့်များ မြင့်တက်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုဘဏ္ဍာရေးနှစ်အတွင်း စီမံအုပ်ချုပ်မှုမှရရှိသော ဝင်ငွေမြင့်တက်လာခြင်းကြောင့် ငွေနှင့်ငွေသားလက်ကျန်များ မြင့်တက်လာရခြင်းဖြစ်ပါသည်။ စုစုပေါင်း လက်ငင်းရပိုင်ခွင့်မှာ ကျပ် (၄၄.၆) ဘီလီယံ ဖြစ်ပြီး ၎င်းပမာဏထဲတွင် ငွေသားနှင့် ဘဏ်လက်ကျန် ပိုင်ဆိုင်မှုမှာ ကျပ်(၁၇.၉)ဘီလီယံ ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ မြင့်တက်လာရခြင်းမှာ မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် ၏ စုဆောင်းပြီး မခွဲဝေရသေးသော အမြတ်လက်ကျန်ငွေ တိုးလာခြင်းနှင့်ဆက်စပ်၍ ရရှိမည့် အမြတ်ဝေစုကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သောရပိုင်ခွင့် ကျပ် (၅၅.၄) ဘီလီယံအနက် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက် ၏ စုဆောင်းပြီး မခွဲဝေရသေးသော အမြတ်လက်ကျန်ငွေ ကျပ် (၄၇.၆) ဘီလီယံရှိပါသည်။

လက်ငင်းနှင့်လက်ငင်းမဟုတ်သော ပေးရန်တာဝန် ကျပ် (၂.၁)ဘီလီယံ မှ ကျပ်(၃.၇)ဘီလီယံ သို့မြင့်တက်လာရခြင်းမှာ ၂၀၂၄ခုနှစ် စက်တင်ဘာလ ၂၀ရက်နေ့တွင် ကျင်းပခဲ့သော ၁၁ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခွဲဝေရန်လျာထားချက်ကြောင့် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက်ကာလ အတွက် စုဆောင်းပြီး အမြတ်လက်ကျန်တွင် အသားတင် ကျပ် (၄၉.၂) ဘီလီယံ (ကျပ် ၄၃.၄ ဘီလီယံ မှ ကျပ် ၄၉.၂ ဘီလီယံ) မြင့်တက်ခဲ့ပါသည်။ စုဆောင်းပြီးအမြတ်လက်ကျန်ငွေ မြင့်တက်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ ယခုနှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုမှ ရရှိလာသော အမြတ်ငွေကြောင့် ဖြစ်ပါသည်။

| | ပြောင်းလဲချက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၄ နှစ်၊ မတ်လ (၃၁)ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ▲ | ၄၄,၆၁၇ | ၃၈,၃၉၀ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ▲ | ၅၅,၃၉၄ | ၅၃,၉၃၀ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ▲ | **၁၀၀,၀၁၁** | **၉၂,၃၂၀** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ▲ | ၃,၆၇၁ | ၂,၁၄၂ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ▲ | ၅၇ | ၃၄ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ▲ | **၃,၇၂၈** | **၂,၁၇၆** |
| **အသားတင်ရပိုင်ခွင့်များ** | ▲ | **၉၆,၂၈၃** | **၉၀,၁၄၄** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ▲ | ၄၉,၂၄၁ | ၄၃,၄၃၀ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ▲ | ၈,၁၁၃ | ၇,၇၈၅ |
| **စုပေါင်းရင်းနှီးငွေ** | ▲ | **၉၆,၂၈၃** | **၉၀,၁၄၄** |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**<u>အနာဂတ်အလားအလာ</u>**

Residential and Commercial Areas ၏ မဟာဗျူဟာကျကျ တိုးတက်မှုများ:

သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ Residential and Commercial Areas ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းလည်ပတ်နိုင်ရေး အတွက် TPD ၏ ကြိုးပမ်းမှုများသည် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကြားမှပင် စဉ်ဆက်မပြတ် အမြတ်အစွန်းများ ရရှိစေပါသည်။ ယခုလက်ရှိဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံးစွဲရေးစနစ်သည် စွမ်းအင်အသုံးပြုနိုင်စွမ်းကို မြှင့်တင်ပေးပြီး လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များကို စီမံခန့်ခွဲရာတွင် ဆန်းသစ်သောချဉ်းကပ်မှုတစ်ခုအဖြစ် ထင်ဟပ်စေပါသည်။ အနာဂါတ် မဟာဗျူဟာများတွင် အမျိုးမျိုးသောဝန်ဆောင်မှုများ ကမ်းလှမ်းနိုင်ရန်နှင့် ၎င်းတို့၏ ဈေးကွက်အနေအထားကို အားကောင်းခိုင်မာစေရန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပါဝင်နိုင်သည်။

အခြေခံအဆောက်အဦးနှင့် ထိရောက်စွာလုပ်ငန်းလည်ပတ်နိုင်ရေးတို့တွင် ဆက်လက်ရင်းနှီးမြှုပ်နှံမှု:

MJTD ၏ စုဆောင်းလက်ကျန်အမြတ်ငွေများကြောင့် MTSH ၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များ တိုးမြင့်လာမှုက MTSH အနေဖြင့် အခြေခံအဆောက်အဦးဖော်ဆောင်ရေးကို တစိုက်မက်မက် အာရုံစိုက်ခဲ့ကြောင်း ပြသနေပါသည်။ စက်မှုဇုန်များနှင့် ခေတ်မီအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများကို မဟာဗျူဟာကျကျလုပ်ဆောင်ခြင်းက ငှားရမ်းသူများအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေကာ ဝင်ငွေအကျိုးအမြတ်များလည်း တိုးတက်ကောင်းမွန်လာစေဖွယ်ရှိပါသည်။

စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားခြင်း :

MTSH သည် တစ်ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းရှိ စီးပွားရေး ဆိုင်ရာ အခက်အခဲများကြားမှပင် မိမိတို့ကုမ္ပဏီ၏ ကြံ့ခိုင်မှုအား ပြသနိုင်ခဲ့ပါသည်။ အမျိုးအစားမတူညီကွဲပြားသော ဝင်ငွေလမ်းကြောင်းများနှင့် တိကျသော ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုများ ကြောင့် မိမိတို့သည် ဆုံးရှုံးနိုင်ခြေများကိုလျှော့ချပြီး မြန်မာနိုင်ငံ၏ တိုးပွားလာမည့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို အသုံးချနိုင်ရန် ကောင်းမွန်စွာ နေရာယူထားလျက်ရှိသည်။

ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကတိကဝတ်:

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများကို တိုးချဲ့လုပ်ဆောင်ခြင်းသည် MTSH ၏ ရည်မှန်းချက်ဖြစ်သော ပင်မလုပ်ငန်း ဆောင်တာများတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအမူအကျင့်များ ထည့်သွင်းပေါင်းစည်းခြင်းအတွက် ခိုင်မာသောသက်သေပင် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအလေ့အကျင့်များကို အလေးထားဆောင်ရွက်ခြင်းများ တိုးပွားလာသည်နှင့်အညီ၊ ထိုကဲ့သို့သော ဆောင်ရွက်မှုများသည် ကုမ္ပဏီ၏ဂုဏ်သတင်းနှင့် အစုရှယ်ယာရှင်များ၏ ယုံကြည်မှုကို တိုးမြင့်စေမည်ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်ဖော်ဆောင်ရေးတွင် ဦးဆောင်သူအနေအထားကို ခိုင်မာစေခြင်း:

MTSH အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်ဖော်ဆောင်ရာတွင် ဦးဆောင်သူအဖြစ်ပါဝင်ခဲ့ခြင်းသည် ၎င်းအား မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောနေရာတွင် ရပ်တည်စေလျက်ရှိပါ

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

သည်။ နည်းပညာတိုးတက်လာမှုများ၊ ရေရှည်တည်တံ့မှုနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထား ဆောင်ရွက်ခြင်းဖြင့်၊ ကုမ္ပဏီသည် ဈေးကွက်အတွင်း ဦးဆောင်သူအနေအထားကို ထပ်ဆင့်ခိုင်မာစေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် MTSH သည် ခိုင်မာသော ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်မှု၊ ဆန်းသစ်တီထွင်သော စီမံကိန်းများနှင့် ရေရှည်တည်တံ့ရေးအလေ့အကျင့်များကို အသုံးချကာ အနာဂါတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန်သောအနေအထားတွင် နေရာယူထားလျက်ရှိပါသည်။ မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှုများကို အလေးထားအာရုံစိုက်၍ စီးပွားရေးအတက်အကျများကို ခံနိုင်ရည်ရှိအောင် ထိန်းသိမ်းလုပ်ဆောင်ခြင်းဖြင့် ကုမ္ပဏီသည် အစုရှယ်ယာရှင်များအတွက် ရေရှည်အကျိုးအမြတ်များကို ဆက်လက် အကောင်အထည်ဖော် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**MANAGEMENT DISCUSSION AND ANALYSIS**

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the period ended 30 September 2024 ("FY2024-2025") and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

The financial statements are prepared in accordance with International Financial Reporting Standards (IFRS) and audited by the Independent Auditor, Win Thin and Associates.

The Board of Directors approved this document on 19 December 2024.

**Myanmar Japan Thilawa Development Limited ("MJTD")**

MJTD was established to undertake the development, marketing, leasing, and operation of the Industrial Area in Thilawa SEZ. MTSH holds a majority share of MJTD's shareholding, represented four board seats, and dispatched four officers who continuously put their effort to keep the effective operational and financial performance of MJTD.

For the period ended 30 September 2024, MJTD achieved a net profit of USD 0.9 million. Retained Earnings were USD 57.8 million at the 30 September 2024. During the reporting period, three land sublease reservations were made for a total of 4.6 Hectares. Two of these subleases has already been signed in the post-reporting date. MJTD has installed solar systems since 2023, a capacity of 2 MW the solar energy project is commencing generation during the reporting period. The solar project is targeted to double its capacity to 4MW by the end of the year. There are further expansions of additional 3 MW capacity in the pipeline, therefore total targeted capacity is to be 7MW for the project. MJTD is getting benefits from additional revenue with its solar business during this financial year.

**Thilawa Property Development Limited ("TPD")**

TPD was formed to undertake the development, construction, marketing, leasing, and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH owns 80%.

TPD achieved a profit of MMK 1.6 billion for the period ended 30 September 2024. Amidst the challenges of the global recession, local economic instability, and other difficulties, TPD remains committed to strategic growth and

resilience. As of 30 September 2024, the company had MMK 10.6 billion in Retained Earnings and Cash and bank equivalent MMK 5.4 billion, out of which 1.39 million were in USD currency.

TPD has installed a 47.5 KWp solar power project featuring on-grid system and became operational in September 2023.

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became the second company which is listed on the Yangon Stock Exchange.

The net profit of MTSH's stand-alone result for the period ended 30 September 2024 is MMK 6.4 billion. Net profit increased from MMK 1.5 billion to MMK 6.4 billion mainly due to foreign currency revaluation impact during the financial period.

The increase in non-current assets is the impact of the share of profit from MJTD. As of 30 September 2024, there were MMK 73.2 billion total non-current assets out of which 65% were from the share of profit from MJTD.

As of 30 September 2024, the company had MMK 43.8 billion in Retained Earnings and MMK 12.5 billion in Cash and bank balance.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**Myanmar Thilawa SEZ Holdings Public Company Limited and Its Subsidiary ("MTSH GROUP")**

**Summarized Consolidated Income Statement for the period ended**

Kyat in million

| | Changes | 30-Sep-24 | 30-Sep-23 |
|---|---|---|---|
| Revenue | ▲ | 1,820 | 1,047 |
| Cost of sales | ▲ | (671) | (440) |
| **Gross profit** | ▲ | **1,149** | **607** |
| Finance Costs | ▲ | (10) | (8) |
| Selling & administrative expenses | ▲ | (1,247) | (1,090) |
| Share of profit from associate | ▼ | 1,243 | 1,715 |
| **Operating profit** | ▼ | **1,135** | **1,224** |
| Income from non-operating activities | ▼ | 59 | 87 |
| Realised Foreign Exchange Gain | ▼ | - | (54) |
| Unrealized Foreign Exchange Gain/(Loss) | ▲ | 6,967 | - |
| **Total profit before tax** | ▲ | **8,161** | **1,257** |
| Income tax expense | ▼ | (76) | 31 |
| **Net profit** | ▲ | **8,085** | **1,288** |
| Gross profit margin | ▲ | 63% | 58% |
| Earning per share (Kyat) | ▲ | 199 | 34 |

Revenue for the period ended 30 September 2024 is MMK 1.8 billion and increased MMK 0.8 billion compared to the previous. Mainly from the increased management fee and normal recurring income. The gross profit is MMK 1.1 billion and the gross profit margin has increased to 63% from 58%. Operating profit is MMK 1.1 billion and margin has decreased to 62% from 117% due to decrease in share of profit from associate in this period.

The share of the profit earned from investment in associate company MJTD is slightly decreased from MMK1.7 billion to MMK 1.2 billion.

Net profit for this financial year is MMK 8.1 billion Net profit is increased if compared with the previous year mainly due to foreign currency revaluation impact. The profit attributable to the equity shareholders of the company is MMK 7.8 billion.

Overall, the net impact of the above factors contributes to increase in consolidated EPS to MMK 199 per share for the period ended 30 September 2024 from MMK 34 per share for the period ended 30 September 2023.

**Summarized Consolidated Statement of Financial Position as at 30 September 2024**

| | Changes | 30-Sep-2024 | 31-Mar-2024 |
|---|---|---|---|
| Assets | | | |
| Current assets | ▲ | 44,617 | 38,390 |
| Non-current assets | ▲ | 55,394 | 53,930 |
| Total assets | ▲ | **100,011** | **92,320** |
| Liabilities | | | |
| Current liabilities | ▲ | 3,671 | 2,142 |
| Non-current liabilities | ▲ | 57 | 34 |
| Total liabilities | ▲ | 3,728 | 2,176 |
| **Net assets** | ▲ | **96,283** | **90,144** |
| Equity | | | |
| Issued and paid up capital | - | 38,929 | 38,929 |
| Retained earnings | ▲ | 49,241 | 43,430 |
| Non-controlling interest | ▲ | 8,113 | 7,785 |
| **Total equity** | ▲ | **96,283** | **90,144** |

The increase in current assets is the net impact of increasing cash and cash equivalent due to receiving increase management fee during this period. The group has cash and bank reserves equivalent to MMK 17.9 billion out of MMK 44.6 billion in current assets.

The rise in non-current assets is an increment of the investment amount in associate. The company has MMK 55.4 billion in non-current assets, out of which MMK 47.6 billion was a share of accumulated Retained Earnings of MJTD.

Total liabilities in the prior period has increased from MMK 2.1 billion to MMK 3.7 billion due to provision for dividend (FY2023-2024) and which was announced in 11$^{th}$ AGM at 20 September 2024.

Group's retained earnings is MMK 49.2 billion (increase from MMK 43.4 billion to MMK 49.2 billion) on 30 September 2024 and it had increase from MMK 49.2 billion in the period ended 30 September 2023 mainly due to gain from foreign currency revaluation during this period.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**Future prospects**

**Future Outlook Strategic Growth in Residential and Commercial Areas:** TPD's efforts in developing and operating residential and commercial areas within the Thilawa SEZ have yielded consistent profitability despite economic challenges. The ongoing solar power initiative enhances energy resilience and reflects an innovative approach to managing operational costs. Future strategies could include diversifying service offerings and leveraging partnerships to strengthen their market position.

**Continued Investment in Infrastructure and Operational Efficiency:** MTSH's increased non-current assets, driven by its share of MJTD's retained earnings, indicate a steady focus on infrastructure development. Strategic investments in industrial zones and modern infrastructure will likely improve leasing appeal and drive revenue growth.

**Navigating Economic Challenges:** Despite global and local economic headwinds, the company has demonstrated resilience. Its diversified revenue streams, coupled with prudent financial management, position it well to mitigate risks and capitalize on emerging opportunities in Myanmar's economic landscape.

**Commitment to Sustainability and Innovation:** The expansion of renewable energy projects across subsidiaries underscores MTSH's vision of integrating sustainability into its core operations. With growing emphasis on sustainable practices globally, these initiatives may enhance the company's reputation and stakeholder trust.

**Strengthening Competitive Position in SEZ Development:** MTSH's leadership in developing the Thilawa SEZ positions it as a key player in Myanmar's industrial and commercial development. By focusing on technological advancements, sustainability, and strategic partnerships, the company is set to reinforce its competitive edge in the market.

In conclusion, MTSH is well-positioned for future growth, leveraging its strong financial performance, innovative projects, and sustainable practices. By focusing on strategic investments and maintaining resilience against economic fluctuations, the company can continue to deliver long-term value to stakeholders.